

မပျက်မကွက် အတည်ပြုကြပါစို့!

# အနိမ့်ဆုံး လုပ်အားခ!

အလုပ်သမားနှင့်အလုပ်ရှင်တို့အတွက်
စည်းကမ်းဖြစ်ပါသည်!

## ချိဘစီရင်စု အနိမ့်ဆုံးလုပ်အားခ

2024ခုနှစ်
အောက်တိုဘာလ 1 ရက်နေ့မှစ၍
တစ်နာရီလျှင်

**1,076 ယန်း**

ယမန်နှစ်ထက်
50 ယန်း UP

ミャンマー語版

**အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏ အနိမ့်ဆုံး ငွေပမာဏကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။**

WEB မှာစစ်ဆေးပါ။

အနိမ့်ဆုံးလုပ်အားခ နှင့်ပတ်သက်သည့် အထူး ဝက်ဘ်ဆိုက် (ဂျပန်ဘာသာဖြင့်သာ)

最低賃金 特設サイト 検索

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်၍ ချိဘအလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ စုံစမ်းမေးမြန်းနိုင်သည်

千葉労働局 検索

လုပ်အားခတိုးမြှင့်ရေး အထူးသတ်မှတ်စာမျက်နှာ (ဂျပန်ဘာသာဖြင့်သာ)
လုပ်အားခတိုးမြှင့်ရေးအတွက် ပံ့ပိုးမှုစီမံချက်စသည်တို့ကို ဖော်ပြထားသည်။

賃金引上げ特設ページ 検索

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်
業務改善助成金
အမြင့်ဆုံး ယန်းသောင်း 600အား ထောက်ပံ့မည်



# "အနိမ့်ဆုံးလုပ်အားခစနစ်"

## ဆိုသည်မှာ အလုပ်သမားများအားလုံးအတွက် လုပ်အားခ၏အနိမ့်ဆုံးငွေပမာဏ(အနိမ့်ဆုံးလုပ်အားခ) ကို အာမခံချက်ပေးသော စနစ်ဖြစ်ပါသည်။

အသက်အရွယ်နှင့် အချိန်ပိုင်းအလုပ်၊ကျောင်းသားအချိန်ပိုင်းအလုပ် စသည့် အလုပ်သမားများ၏ ခြားနားချက်နှင့် မသက်ဆိုင်ဘဲ အလုပ်သမားအားလုံးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

## စစ်ဆေးရမည့်နည်းလမ်းက ဘယ်လိုလဲ။

စစ်ဆေးချင်သည့် လုပ်အားခ(*1) ကို တစ်နာရီစာလုပ်အားခမှာထားပြီး အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) နှင့် နှိုင်းယှဉ်ကြည့်ရအောင်။

### အနိမ့်ဆုံးလုပ်အားခနှင့် နှိုင်းယှဉ်ပုံနည်းလမ်း

သင်၏လုပ်အားခနှင့် သက်ဆိုင်ရာစီရင်စုနယ်၏ အနိမ့်ဆုံးလုပ်အားခပမာဏကို ဖြည့်သွင်းကြည့်ရအောင်။(*2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| 1 နာရီစားဖြစ်ပါက | | | | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |
| 2 နေ့စားဖြစ်ပါက | နေ့စားခ ယန်း | ÷ | ၁ရက်၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန် နာရီ | = | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |
| 3 လခစားဖြစ်ပါက | လခ ယန်း | ÷ | ၁လ၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန် နာရီ | = | တစ်နာရီစာလုပ်အားခ ယန်း | ≥ | အနိမ့်ဆုံးလုပ်အားခ(တစ်နာရီစာလုပ်အားခ) ယန်း |

**4 အထက်ဖော်ပြပါ 1,2,3 ကို ပေါင်းလိုက်သည့်အခါ**

ဥပမာအနေဖြင့် အခြေခံလုပ်အားခသည် နေ့စားခဖြင့်ရပြီး အခြား ထောက်ပံ့စရိတ်အသီးသီး (ဝတ္တရားအရ ထောက်ပံ့စရိတ် စသည်) ကို လခဖြင့်ရပါက

❶ အခြေခံလုပ်အားခ(နေ့စားဖြစ်ပါက) →နည်းလမ်း2အတိုင်းတွက်ချက်၍ တစ်နာရီစာလုပ်အားခကိုထုတ်သည်
❷ ထောက်ပံ့စရိတ်အသီးသီး(လခစားဖြစ်ပါက) →နည်းလမ်း 3 အတိုင်း တစ်နာရီစာလုပ်အားခကို တွက်ချက်မည်
❸ ❶နှင့်❷ ကိုပေါင်းပြီးသည့် ပမာဏ≥အနိမ့်ဆုံးလုပ်အားခ (တစ်နာရီစာလုပ်အားခ)

(*1) အနိမ့်ဆုံးလုပ်အားခပမာဏနှင့် နှိုင်းယှဉ်၍ အောက်ပါ လုပ်အားခကို ထည့်သွင်းမည် မဟုတ်ပါ။
① အထူးပေးချေသည့် လုပ်အား(မင်္ဂလာဆောင် ထောက်ပံ့စရိတ်၊ စသည်) ② ၁လကြာ ကျော်လွန်ပြီးတိုင်း ပေးချေသည့် လုပ်အားခ (ဘောနပ်စ်၊ စသည်) ③ သတ်မှတ်ထားသော အလုပ်ချိန်ကို ကျော်လွန်သည့် အလုပ်လုပ်ချိန်အတွက် ပေးချေသည့် လုပ်အားခ (အချိန်ပိုကြေး အတွက် တိုးလာသည့် လုပ်အားခ စသည်) ④ သတ်မှတ်ထားသော အလုပ်လုပ်ရက် ထက်ပိုသည့် အလုပ်လုပ်ရက်အတွက် ပေးချေသည့် လုပ်အားခ (ပြဋ္ဌာန်းထားသော နားရက်တွင်အလုပ်လုပ်ခြင်းအတွက် တိုးလာသည့် လုပ်အားခ စသည်) ⑤ ည ၁၀ နာရီမှ မနက် ၅ နာရီအထိ အလုပ်လုပ်ခြင်းအတွက် ပေးချေသည့် လုပ်အားခသည် သာမန်အလုပ်လုပ်ချိန်၏ လုပ်အားခ၏ စုစုပေါင်း ငွေပမာဏ ကိုကျော်လွန်သည့် ဝေစု (ညဘက်အလုပ်လုပ်ခြင်း အတွက် တိုးလာသည့် လုပ်အားခ စသည်) ⑥ အလုပ်ပျက်ရက်မရှိ ထောက်ပံ့စရိတ်၊ သယ်ယူပို့ဆောင်ရေး ထောက်ပံ့စရိတ် နှင့် မိသားစုထောက်ပံ့စရိတ်
(*2) အသေးစိတ်တွက်ချက်သည့်နည်းလမ်းနှင့် ကော်မရှင်ပေးသည့်အခါ တွက်ချက်သည့်နည်းလမ်း စသည်တို့ကို အလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ ဆွေးနွေးနိုင်သည်

## အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဖက်စလုံး အနိမ့်ဆုံး လုပ်အားခကို သေသေချာချာ စစ်ဆေးရမည်။

စမတ်ဖုန်း၊ လက်ကိုင်ဖုန်းတွင် မိမိနေထိုင်ရာ ဒေသ၏ အနိမ့်ဆုံး လုပ်အားခကို စစ်ဆေးကြည့်ရအောင်။ (ဂျပန်ဘာသာဖြင့်သာ)

### အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်

## လုပ်အားခတိုးမြှင့်မှုအား ပံ့ပိုးပေးသော ထောက်ပံ့ငွေအား တက်ကြွစွာ အသုံးချလိုက်ကြရအောင်။

**業務改善助成金**

အမြင့်ဆုံး ယန်းသောင်း 600 အား ထောက်ပံ့မည်

စီးပွားရေးပြုပြင်မွမ်းမံမှု ထောက်ပံ့ငွေ ဖုန်းခေါ်ဆိုမှုစင်တာ 0120-366-440

### "စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ" ဆိုသည်မှာ

"စီးပွားရေးပြုပြင်မွမ်းမံမှုထောက်ပံ့ငွေ" ဆိုသည်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားကိုတိုးတက်စေပြီး "လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံးဖြစ်သော လုပ်အားခ (လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံးလုပ်အားခ)" ကိုတိုးမြှင့်ရန်ကြိုးစားနေသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့မည့် ထောက်ပံ့ငွေဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာ ရင်းနှီးမြှုပ်နှံမှုစသည်တို့ကို လုပ်ဆောင်ထားပါက ငွေထောက်ပံ့ရန်လိုအပ်သည့်အချက်များနှင့်အညီ ထိုကုန်ကျစရိတ်၏တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 業務改善助成金 検 索

**ငွေထောက်ပံ့ရန် လိုအပ်သည့် အချက်များ**

1. လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံး လုပ်အားခကိုတိုးမြှင့်ခြင်း
2. တိုးမြှင့်ထားပြီးသောလုပ်အားခပမာဏကို ပေးချေခြင်း
3. ကုန်ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်မှုကိုပံ့ပိုးမည့် ကိရိယာများနှင့် စက်ပစ္စည်းများကို တပ်ဆင်ခြင်း
4. ထုတ်ပယ်ခြင်း၊ လုပ်အားခလျှော့ချခြင်းကဲ့သို့သော ခွင့်ပြုချက်မရှိသည့် အကြောင်းများမရှိပါ

▶ စက်ပစ္စည်းကိရိယာ ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ခြင်း

**ထောက်ပံ့ငွေပေးချေမှုအထိ အဆင့်ဆင့်**

1. လျှောက်လွှာပုံစံထုတ်ပေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုစီမံကိန်းစသည်တို့ကို လုပ်ငန်းတည်ရှိသည့် စီရင်စု၏ အလုပ်သမားဌာနသို့တင်ပြခြင်း

▶ စစ်ဆေးခြင်း

2. ခွင့်ပြုပြီးနောက် တင်ပြထားသည့်စီမံကိန်းအရလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း

▶

3. အကောင်အထည်ဖော်မှုရလဒ်အစီရင်ခံစာ၊ ထောက်ပံ့ရန်လျှောက်လွှာတို့ကို အလုပ်သမားဌာနသို့တင်ပြခြင်း

▶ စစ်ဆေးခြင်း

4. ငွေထောက်ပံ့ခြင်း

**ပညာရှင်နှင့် အခမဲ့ ဆွေးနွေးခြင်းကို အကောင်အထည်ဖော်ခြင်း**

လုပ်အားခ တိုးမြှင့်ရေးတွင် စိတ်ပူပင်နေသည့် ပုဂ္ဂိုလ်များသည် အလုပ်သမား ပြုပြင်ပြောင်းလဲတိုးတက်ရေးအား အကူအညီပေးသည့် စင်တာတွင် ဆွေးနွေးတိုင်ပင်ပါ။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援センター 検 索

**အလုပ်လုပ်ခြင်း ပုံစံဆန်းသစ်ပြောင်းလဲမှုမြှင့်တင်ခြင်း ထောက်ပံ့ငွေ**

ဂျပန်ဘဏ္ဍာရေးအဖွဲ့အစည်းတွင် လုပ်ငန်းခွင်အတွင်းအနိမ့်ဆုံး လုပ်အားခအအားမြှင့်တင်ရန် ကြိုးပမ်းနေသော လုပ်ငန်းရှင်များအတွက် ပစ္စည်းကိရိယာရင်းနှီးငွေများနှင့် လည်ပတ်မှုရင်းနှီးငွေများအား ချေးငွေများ ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သည် ဤနေရာတွင် (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援資金 検 索

リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。